# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 1 , 2023 Volume 64, Number 1


| ၁.၃.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၅.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## တစ်ပတ်ကြာကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ တက်ရောက်ဝယ်ယူနိုင်



Source: Popular News Journal

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပူးတွဲကြီးကြပ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ (၅၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအား မတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ တစ်ပတ်ကြာကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား တင်ပြရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော် ထုတ်လုပ်နေသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်နေသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။

ထို့ကြောင့် တက်ရောက်ဝယ်ယူခွင့်ရရန် အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။

**Source:** https://www.popularmyanmar.com/?p=105558


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းမူဝါဒ အပြောင်းအလဲများကြောင့် ပြောင်းဈေးပြန်ကျဆင်း




ပြည်ပသို့ နယ်စပ်မှတဆင့် ပြောင်းတင်ပို့ရာတွင် မလိုအပ်သည့် မူဝါဒများ ချမှတ်ထားခြင်းကြောင့် ဈေးကွက်မတည်မငြိမ်ဖြစ်ကာ ဈေးနှုန်းများ ပြန်ကျဆင်းလာခြင်းဖြစ်ကြောင်း ပြောင်းလုပ်ငန်းရှင်များထံမှ သိရသည်။

အဓိကငွေကြေးတန်ဖိုး အပြောင်းအလဲများနှင့် Logistics costများ မတည်ငြိမ်သောကြောင့် ဈေးနှုန်းကျဆင်းသွားခြင်း ဖြစ်ကြောင်း

သိရသည်။ "အခိက ဈေးကျသွားတာက မူဝါဒတွေကြောင့် logistics ဖိုးတွေ မလိုအပ်ပဲကုန်တာရယ်၊ ငွေကြေးမူဝါဒ အပြောင်းအလဲရှိတာတွေရယ်၊ ငွေကြေးမူဝါဒဆို အခုတမျိုး တော်ကြာတမျိုးဖြစ်နေတယ်၊ အခိကက မြန်မာငွေပြန်မာသွားတဲ့ အခြေအနေတွေ ပေါင်းစုံသွားတာ၊ ဝယ်လိုအားကျသွားတာ မဟုတ်တဲ့အတွက် ဈေးကျသွားတာခဏလေးလို့ ယူဆတယ်၊ အခိက မတည်ငြိမ်လို့"ဟု ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခင် ရန်ကုန်စက်ရုံဈေး တစ်ပိဿာလျှင် ၁၃၅၀ ကျပ်ထိရှိခဲ့ရာမှ လက်ရှိတစ်ပိဿလျှင် ၁၂၆၀ ခန့်ထိ ကျဆင်းသွားကြောင်းသိရသည်။ လက်ရှိ ဒေသအလိုက် ဈေးနှုန်းအပြောင်းအလဲ အတက်အကျများရှိနေကြောင်း ပြောင်းလုပ်ငန်းရှင်များကဆိုသည်။

ပြည်ပပြောင်းတင်ပို့ရာတွင်လည်း လက်ရှိပင်လယ်ရေကြောင်းမှ အနည်းငယ်သာရှိပြီး အခိက ထိုင်းနယ်စပ်ဘက်သို့သာ အခိကတင်ပို့နေကြောင်း သိရသည်။ "အခိက လက်ရှိထိုင်းဘက်က ကြိုက်ရောင်းကြိုက်ဝယ်တွေဖြစ်နေတယ်၊ ထိုင်းနယ်စပ်ဘက်က FOBလို ဈေးမငြိမ်ဘူး ၊ grade နဲ့ သွားတာ grade A ၊ grade B ဆိုပြီးသွားတာ တချို့ကြ တစ်ကီလိုကို ၉ ဘတ်ကျော် ပေါက်ဈေးရှိတယ်။ လက်ရှိ ပြည်ပကိုထွက်တာ FOB နဲ့ သိပ်မထွက်ဘူး အခိက အများကြီးထွက်တာက border ဘက်က ထွက်နေတာပါ ၊ FOB က တချို့ မလိုအပ်တဲ့ ကုန်ကျစရိတ်တွေ သိပ်ကုန်စရာမရှိတော့ နယ်စပ်ထက်မဆိုးဘူးပြောရတယ်" ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ border trade ဖြင့်သာ တင်ပို့မှုများနေခြင်းကြောင့် FOB ဈေးနှုန်းမှာ ဈေးငြိမ်နေပြီး FOB ဈေးနှုန်း ပြောင်းတစ်တန်လျှင် ၃၄၀ ဒေါ်လာဝန်းကျင်ခန့် ပေါက်ဈေးအထိရှိကြောင်း သိရသည်။

လက်ရှိ မူဝါဒ မတည်ငြိမ်သေး၍သာ ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း သုံးသပ်ကြပြီး ပြည်ပနိုင်ငံ တော်တော်များများ ပြောင်းလိုအပ်မှုများ ရှိနေဦးမည်ဖြစ်၍ ပြောင်းဈေးမှာ ပြန်တက်လာဦးမည်ဖြစ်ကြောင်း ပြောင်းလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ပြောင်းစေ့များကို ထိုင်းနိုင်ငံ ကုန်သွယ်ရေးမူအရ နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်ကနေမှ ဩဂုတ် ၃၁ ရက်အထိကို အကောက်ခွန်သက်သာခွင့် သုညရာခိုင်နှုန်းဖြင့် ပြန်လည်တင်သွင်းခွင့်ရရှိနေခြင်းကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်ထိုင်းနိုင်ငံသို့ ပြောင်းဆန်များကို စတင်တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များက နယ်စပ်ဂိတ်မှ တစ်နေ့လျှင် ပြောင်းကားအစီးရေ ၂၀၀ နှင့် ၃၀၀ ကြား တင်ပို့နိုင်ခဲ့ခြင်းဖြစ် ပြီး ယခုနှစ်မှာတော့ ခန့်မှန်း၍မရကြောင်း သိရသည်။

နှစ်စဉ် ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းတန်ချိန် တစ်နှစ်ကို ၂ သန်းခွဲဝန်းကျင်ရှိကြောင်းသိရပြီး ထိုင်းနှင့် တရုတ်သို့လည်း အခိကတင်ပို့ကာ ပင်လယ်ရေကြောင်းမှတဆင့် normal trade အနေဖြင့် အိန္ဒိယနှင့်ဗီယမ်နမ် ဘက်သို့ အနည်းငယ်သာ တင်ပို့နေကြောင်းလည်း သိရသည်။

**Source:** https://t.me/htwettoe

## ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုကော်ပိုရေးရှင်းမှ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမည့်ကုန်စည်စာရင်းမှာ မုန်ညင်းဆီထည့်သွင်း



ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကော်ပိုရေးရှင်းမှ ဝင်ငွေနည်းမိသားစုဦးရေ ၁၀ သန်းအတွက် အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမည့်မရှိမဖြစ်လိုအပ်သော ကုန်စည်စာရင်းတွင် မုန်ညင်းဆီ ထည့်သွင်းရန် စီစဉ်နေကြောင်း ဖေဖော်ဝါရီလ(၂၇) ရက်နေ့ထုတ် Dhaka Tribune တွင် ရေးသားထားသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်နိုင်ငံခြားသုံးငွေ 100 ဘီလီယံတာကာခန့် သက်သာသွားမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတစ်ဝှမ်းလုံးသို့

အဓိကလိုအပ်သောပစ္စည်းများ ရောင်းချပေးလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှု ကော်ပိုရေးရှင်း(TCB)စာရင်းတွင် စားသုံးဆီပါဝင်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနကမကြာသေးမီက တောင်းဆိုထားသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စားသုံးဆီထုတ်လုပ်မှုဖူလုံစေရန်နှင့် စားသုံးဆီတင်သွင်းမှုမှီခိုနေရခြင်းကို (၄၀)ရာခိုင်နှုန်းခန့် လျှော့ချနိုင်ရန်ရည်ရွယ်၍ သုံးနှစ်တာ (၂၀၂၂-၂၀၂၅ ဘဏ္ဍာနှစ်) လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ လက်ရှိဘဏ္ဍာရေးနှစ်တွင် စားသုံးဆီတန်ချိန် ၇၁၉,၀၀၀ ထုတ်လုပ်ရန် လျာထားခဲ့သော်လည်းတန်ချိန် ၈၁၁,၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သဖြင့်ယခုနှစ် လျာထားချက်ထက်ကျော်လွန်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ လုပ်ငန်းစီမံချက်ကိုစနစ်တကျ အကောင်အထည်ဖော်ရန်နှင့် ထွက်ရှိသော မုန်ညင်းများအတွက် သင့်တင့်မျှတသောဈေးနှုန်းများရရှိစေရန် အစိုးရကလုပ်ဆောင်နိုင်မည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက မျှော်လင့်ထားသည်ဟုလည်း ရေးသားထားသည်။

TCB စာရင်းတွင် မုန်ညင်းဆီပါဝင်လာပါက မုန်ညင်းစိုက်တောင်သူများ မျှတသောဈေးနှုန်းရရှိစေရန် အထောက်အကူဖြစ်စေမည်ဟု ၎င်းဌာနက ပြောကြားထားသည်ကိုလည်း ရေးသားထားသည်။ လက်ရှိတွင် TCB သည် နိုင်ငံ၏ နေရာအနှံ့အပြားတွင် ပဲပုပ်ဆီ၊ သကြားနှင့်ပဲအမျိုးမျိုးစသည့် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းအချို့ကို ၎င်း၏ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် မြို့တော်ကော်ပိုရေးရှင်းများ၊ ခရိုင်နှင့်အုပ်ချုပ်ရေးအဖွဲ့များ ပေါင်းစည်းထားသည့် နေရာများတွင် ရောင်းချလျက်ရှိကြောင်းရေးသားထားသည်။

**Source:** https://www.dhakatribune.com/commerce

https://commerce.gov.mm

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ (၁)ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းတာဝန်ခံ၊ ညွှန်ကြားရေးမှူးဦးမိုးဇော်ဦးမှ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်(၂၈.၀၀၀) ဒေါ်လာသန်း၊ သွင်းကုန်(၇.၀၀၀) ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏအနေဖြင့် (၃၅.၀၀၀) ဒေါ်လာသန်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ကုန်သွယ်မှု ဆောင်ရွက်နိုင်မှု (ယာယီ) အနေဖြင့် ပို့ကုန် (၃၁.၀၂၇) ဒေါ်လာသန်း၊ သွင်းကုန် (၂၁.၄၃၀) ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ (၅၂.၄၅၇) ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပို့ကုန် အနေဖြင့် လျာထားချက်အပေါ်တွင် (၁၁၀.၈၁%)၊ သွင်းကုန်အနေဖြင့် လျာထားချက်အပေါ်တွင် (၃၀၆.၁၄%)၊ ကုန်သွယ်မှုပမာဏအနေဖြင့် (၁၄၉.၈၈%) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဖေဖော်ဝါရီလကုန်သွယ်မှုပမာဏအနေဖြင့် အလားတူကာလဖြစ်သည့် ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလ ကုန်သွယ်မှုပမာဏနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် (၂၁.၅၆၂) ဒေါ်လာသန်း၊ သွင်းကုန်တွင် (၁၈.၄၈၈) ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် (၄၀.၀၅၀) ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဇန်နဝါရီလကုန်သွယ်မှုပမာဏနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် (၃.၇၈၈) ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်၍ သွင်းကုန်တွင် (၃.၇၈၀) ဒေါ်လာသန်းလျော့နည်းပြီး ကုန်သွယ်မှု ပမာဏတွင် (၀.၀၀၈) ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

မတ်လကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်(၃၅.၀၀၀)ဒေါ်လာသန်း၊ သွင်းကုန်(၁၀.၀၀၀)ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် (၄၅.၀၀၀) ဒေါ်လာသန်းဖြစ်၍ မတ်လကုန်သွယ်မှု လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်း

ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုပမာဏတိုးတက်စေရေး၊ ကုန်သွယ်မှုလွယ်ကူ စေရေး၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး ကုန်သည်လုပ်ငန်းရှင်များနှင့် ထိတွေ့မှုရှိစေရေးတို့အတွက် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပပြုလုပ်ရန် အထက်ဌာနမှညွှန်ကြားချက်အရ လစဉ်ကျင်းပ ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

Vehicle Monitoring System ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော် ကုန်သွယ်ရေးလမ်းကြောင်းများ၌ အသုံးပြုလျက်ရှိပြီး အဆိုပါစနစ်မှာ Tradenet 2.0 စနစ်မှ ခွင့်ပြုထုတ်ပေးသည့် နယ်စပ်ပို့ကုန်လိုင်စင်များကို Vehicle Gate Pass Certificate လျှောက်ထားနိုင်အောင် ဆောင်ရွက်ထားသည့်စနစ်ဖြစ်ပြီး အထက်ပါ Certificate နှင့် ဖြတ်သန်းသွားသော ယာဉ်ပေါ်ပါကုန်ပစ္စည်း တန်ချိန်ကို စနစ်မှအလိုအလျောက် Balance လက်ကျန်သတ်မှတ်မှုကြောင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် Certificate မလျှောက်ထားမီ လိုင်စင်တွင် Balance လက်ကျန် ရှိ/မရှိ သေချာစွာ စစ်ဆေးပြီးမှ လျှောက်ထားရန်ဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၅/၂၀၂၃)ဖြင့် ထုတ်ပြန်သည့် Tradenet 2.0 စနစ်ဖြင့် ပို့ကုန်/သွင်းကုန် လိုင်စင်/ပါမစ် ခွင့်ပြုချက်ရရှိပြီး သတ်မှတ်ကာလအတွင်း လိုင်စင်/ပါမစ်ကြေး ပေးသွင်းရန်ကိစ္စကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ အစည်းအဝေးသို့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ OSS ဌာနများ၊ မိတ်ဖက်ဌာနများ၊ ကွမ်းလုံ၊ ဟိုပန်၊ ချင်းရွှေဟော်၊ လောက်ကိုင် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

**https://commerce.gov.mm**

## STOCK EXCHANGE (1.3.2023)

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Mar. 2023

| Trading Volume | Trading Value |
|---|---|
| 8,858 (Shares) | 29,647,450 (MMK) |

### Main Board

As of 1:00 pm, 3rd Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,858 (Shares) | 29,647,450 (MMK) |

| MYANPIX | 376.03 ▲ 2.21 |
|---|---|
| Total Volume (shares) | 8,858 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.03 | +2.21 | +0.59% | 373.82 | 376.03 | 373.82 | 8,858 | 29,647,450 | 7 | 662,593 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 3rd Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,100 (Shares) | 14,852,850 (MMK) |

| MYANPIX | 376.03 ▲ 2.21 |
|---|---|
| Total Volume (shares) | 5,100 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,593 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 100 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR